## ၁။ နှမ်းဖလံ

**Small death’s head hawkmoth : *Acherontia styx* (Westwood, 1847)**

**Lepidoptera : Sphingidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ





အရွယ်ရောက်အကောင်သည်ကြီးမားသောအညိုရောင်သိမ်းငှက်သဏ္ဍာန်ဖလံဖြစ်သည်။ကျောဘက်တွင်အရိုးခေါင်းပုံအမှတ်ပါရှိပြီးခရမ်းဝါရောင်အစင်းများပါရှိသည်။နောက်အတောင်သည်အဝါရောင်ဖြစ်ပြီးအနက်ရောင်အမှတ်များပါရှိသည်။လောက်ကောင်သည်တောင့်တင်းပြီးအစိမ်းရောင်တွင်အဝါရောင်အစင်းများပါရှိပြီးကောက်သောအမြီးပိုင်းပါရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ





လောက်ကောင်သည်အရွက်များအားအငမ်းမရစားသောက်သဖြင့်အပင်မှအရွက်များကြွေကျသည်။ပျားလှောင်အိမ်အတွင်းရှိပျားသလက်များမှပျားရည်အားစုပ်ယူစားသောက်သဖြင့်အန္တရာယ်ကောင်ဖြစ်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | – (၂ –၅) ရက် |
| လောက်ကောင် အဆင့် | – (၆၀) ရက် |
| ရုပ်ဖုံး  အဆင့် | – (၁၄–၂၁) ရက် |
| အကောင်ကြီး အဆင့် | – ( ၅၉– ၇၆) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ဥများနှင့် ပေါက်ကာစ လောက်ကောင်များကို လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၂)ထွန်/ထယ်နက်နက်ထွန်ပါ။

(၃)ပင့်ကူများ၊ နှာတံရှည်နံ့ကောင်များ၊ ပုရွက်ဆိတ် များ၊ ပုဇင်းများ၊ လိပ်ခုံးကျိုင်းများ၊ ဇာတောင်ပိုး များကဲ့သို့သော ဇီဝထိန်းချုပ်ပိုးမွှားများကို ထိန်းသိမ်းပါ။

(၄)ထိသေ၊စားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းစာအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)
- ဆိုင်ပါမီသရင်(Cypermethrin)